ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၉ ၊ အမှတ် ၁၂ ၂၀၂၄ ခုနှစ်၊ မတ်လ ၁ ရက်

## (၃၇)ကြိမ်မြောက် အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကျင်းပ




အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ အကောက်ခွန်ဝန်ထမ်းဟောင်းများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးစဉ်။

(၃၇) ကြိမ်မြောက် အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက် နံနက် ၉ နာရီ အချိန်ခန့်တွင် ရန်ကုန်မြို့ရှိ အကောက်ခွန်သင်တန်းကျောင်းခန်းမ၌ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ အကောက်ခွန်ဝန်ထမ်းဟောင်းများနှင့် မိသားစုဝင်များဖြင့် ကျင်းပပြုလုပ်ခဲ့ကြသည်။

# ရန်ကုန်(ရုံးချုပ်)မှ OSS စစ်ဆေးရေးစခန်းများနှင့် အမြဲတမ်းစစ်ဆေးရေးစခန်းများသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်မည့် အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံခြင်း



အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ၊ ရန်ကုန်(ရုံးချုပ်)မှ OSS စစ်ဆေးရေးစခန်းများနှင့် အမြဲတမ်းစစ်ဆေးရေးစခန်းများသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်မည့် အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့ နံနက် (၀၈:၀၀)အချိန်တွင် အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်)၊ ဧယျာသီဟာခန်းမ၌ ရန်ကုန် (ရုံးချုပ်)ဌာနခွဲများမှ တာချီလိတ် (OSS)၊ မြဝတီ (OSS)၊ ကန်ပိုက်တီး (OSS)၊ လွယ်ဂျယ် (OSS)၊ ညောင်ခါးရှည်ပူးပေါင်းစစ်ဆေးရေးစခန်းနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရမည့် အရာထမ်း၊ အမှုထမ်း(၁၁၃)ဦးအား ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ညွှန်ကြားရေးမှူး (စစရ၊ ကာကွယ်ရေး၊ ထုတ်/သွင်း၊ နယ်) တို့မှ တက်ရောက် အမှာစကားပြောကြားခဲ့ကြသည်။

# (၁/၂၀၂၄) စာရေးအခြေခံသင်တန်း ဖွင့်လှစ်



အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်လွင် (၁/၂၀၂၄) စာရေးအခြေခံသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားစဉ်။

(၁/၂၀၂၄) စာရေးအခြေခံသင်တန်းဖွင့်ပွဲကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် အကောက်ခွန်သင်တန်းကျောင်းခန်းမ၌ ညွှန်ကြားရေးမှူး (စီမံ)မှ ဦးဆောင်ဖွင့်လှစ်ခဲ့ပြီး အဆိုပါ သင်တန်းကို အငယ်တန်းစာရေး၊ စာရင်းကိုင်-၄ နှင့် ဒု-လက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး ရာထူးများအပါအဝင် စုစုပေါင်း သင်တန်းသူ၊ သင်တန်းသား (၃၂)ဦး တို့ဖြင့် ၁၉-၂-၂၀၂၄ ရက်နေ့မှ ၁၅-၃-၂၀၂၄ ရက်နေ့အထိ သင်တန်းဖွင့်လှစ် ပို့ချလျက်ရှိသည်။

# လေလံတင်ထုခွဲရောင်းချခြင်း အခမ်းအနားကျင်းပ




ပြည်သူ့ဘဏ္ဍာသိမ်းထုခွဲအဆင့်ရောက် Solar Search Light, UPS (Uninterruptible Power Supply) နှင့် အထွေထွေကုန်ပစ္စည်းများအား ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချနေစဉ်။

အကောက်ခွန်ဦးစီးဌာနမှ ပြည်သူ့ဘဏ္ဍာသိမ်းထုခွဲအဆင့်ရောက် Solar Search Light, UPS (Uninterruptible Power Supply)နှင့် အထွေထွေကုန်ပစ္စည်းများအား ဈေးပြိုင်စနစ်ဖြင့် လေလံတင်ထုခွဲရောင်းချခြင်း အခမ်းအနားကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်နေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ အကောက်ခွန်ကုန်လှောင်ရုံ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချပွဲသို့ စပေါ်ငွေ တင်သွင်းသူ (၁၁၅)ဦး တက်ရောက်ကြသည်။

# ပြည်သူ့ဘဏ္ဍာသိမ်း ထုခွဲ/ဖျက်ဆီးအဆင့်ရောက် ကုန်ပစ္စည်းများ ဖျက်ဆီးခြင်း အခမ်းအနားကျင်းပ



ပြည်သူ့ဘဏ္ဍာသိမ်း ထုခွဲ/ဖျက်ဆီးအဆင့်ရောက် အထွေထွေကုန်ပစ္စည်းများအား ထိန်ပင်နောက်ဆုံးစွန့်ပစ်အမှိုက်ပုံ၌ ဖျက်ဆီးခြင်း အခမ်းအနားဆောင်ရွက်စဉ်။

ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ ပြည်သူ့ဘဏ္ဍာသိမ်း ထုခွဲ/ဖျက်ဆီးအဆင့်ရောက် FDA ထောက်ခံချက်မရှိသော သက်တမ်းကျော်လွန်ပြီး အများပြည်သူသုံးစွဲရန်မသင့်သော ဆေးဝါးများ၊ အလှကုန်များနှင့် အထွေထွေကုန်ပစ္စည်းများ ဖျက်ဆီးခြင်းအခမ်းအနားကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်နေ့ နံနက် ၉ နာရီတွင် လှိုင်သာယာမြို့နယ်ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် ထိန်ပင်နောက်ဆုံးစွန့်ပစ်အမှိုက်ပုံ၌ ယန္တရားဖြင့် ဖျက်ဆီးခြင်း၊ ဖျက်ဆီးပြီးစီးသောပစ္စည်းများအား မြေမြှုပ်ခြင်းများ ပြုလုပ်ကြသည်။

# ကမ္ဘာ့အကောက်ခွန်အဖွဲ့၏ ပြန်လည်သုံးသပ်ပြင်ဆင်ထားသော ကျိုတိုသဘောတူညီချက် (Revised Kyoto Convention-RKC)အကြောင်းသိကောင်းစရာများ သင်တန်း



ကမ္ဘာ့အကောက်ခွန်အဖွဲ့၏ ပြန်လည်သုံးသပ်ပြင်ဆင်ထားသော ကျိုတိုသဘော တူညီချက် (Revised Kyoto Convention-RKC) အကြောင်းသိကောင်းစရာများသင်တန်း သင်ကြားပို့ချနေစဉ်။

ကမ္ဘာ့အကောက်ခွန်အဖွဲ့၏ ပြန်လည်သုံးသပ်ပြင်ဆင်ထားသော ကျိုတိုသဘောတူညီချက် (Revised Kyoto Convention-RKC) အကြောင်းသိကောင်းစရာများ သင်တန်းအား အကောက်ခွန် သင်တန်းကျောင်းခန်းမ၌ ၁၄-၂-၂၀၂၄ ရက်နေ့မှ ၁၆-၂-၂၀၂၄ ရက်နေ့အထိ နံနက် (၈း၃၀) နာရီမှ (၁၀း၀၀) နာရီအတွင်း နိုင်ငံတကာရေးရာဌာနခွဲမှ ဦးစီးအရာရှိ ဦးသိန်းမင်းထိုက်မှ သင်ကြားပို့ချခဲ့ရာ အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)ရှိ ဌာနခွဲ (၁၂)ခုမှ သင်တန်းသား (၅၅)ဦး တက်ရောက်ခဲ့ကြသည်။

အဆိုပါ သင်တန်းတွင် Revised Kyoto Convention (RKC) ၏ ရည်ရွယ်ချက်၊ ဖွဲ့စည်းပုံ၊ သဘောတူညီချက်တွင် မြန်မာနိုင်ငံပါဝင်လာပုံ၊ သဘောတူညီချက်အရ ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ RKC ဆောင်ရွက်ခြင်းဖြင့် ရရှိလာသည့် အကျိုးကျေးဇူးများ၊ RKC ၏ အထွေထွေနောက်ဆက်တွဲနှင့် သီးခြားနောက်ဆက်တွဲပါ ပြဋ္ဌာန်းချက်များအား ရှင်းလင်း သင်ကြားပို့ချခြင်းနှင့် သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများအား ပြန်လည်ဖြေကြားခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

# လုပ်ငန်းခွင်မွမ်းမံအသုံးပြုခြင်းသင်တန်း




ကာကွယ်ရေးဌာနခွဲ၏ လုပ်ငန်းခွင်မွမ်းမံအသုံးပြုခြင်းသင်တန်း သင်ကြားပို့ချနေစဉ်။

အကောက်ခွန်ဦးစီးဌာန ကာကွယ်ရေးဌာနခွဲ၏ လုပ်ငန်းခွင်မွမ်းမံအသုံးပြုခြင်းသင်တန်းကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် အကောက်ခွန်သင်တန်းကျောင်းခန်းမ၌ အကောက်ခွန်မှူးနှင့် ဒုအကောက်ခွန်မှူး အပါအဝင် စုစုပေါင်း သင်တန်းသူ၊ သင်တန်းသား (၅၀)ဦး တို့ဖြင့် ၂၆-၂-၂၀၂၄ ရက်နေ့မှ ၂၀-၃-၂၀၂၄ ရက်နေ့အထိ သင်တန်းဖွင့်လှစ် ပို့ချလျက်ရှိသည်။

# ကုန်သွယ်မှုဆိုင်ရာဆက်စပ်လုပ်ထုံးလုပ်နည်းများနှင့် ဒဏ်တပ်ရိုက်မှုများ ဘာသာရပ်၊ စစ်ဆေးတွေ့ရှိချက်နှင့် မှားယွင်းမှုနမူနာများ ဘာသာရပ်၊ H.S နှင့် CEPT ဘာသာရပ်၊ Customs Valuation ဘာသာရပ်များသင်တန်း



အကောက်ခွန်ဦးစီးဌာန ထုတ်ကုန်သွင်းကုန်ကြီးကြပ်ရေးဌာနခွဲ၏ ကုန်သွယ်မှုဆိုင်ရာဆက်စပ်လုပ်ထုံးလုပ်နည်းများနှင့် ဒဏ်တပ်ရိုက်မှုများ ဘာသာရပ်၊ စစ်ဆေးတွေ့ရှိချက်နှင့် မှားယွင်းမှုနမူနာများ ဘာသာရပ်၊ H.S နှင့် CEPT ဘာသာရပ်၊ Customs Valuation ဘာသာရပ်များ သင်တန်း သင်ကြားပို့ချနေစဉ်။

အကောက်ခွန်ဦးစီးဌာန ထုတ်ကုန်သွင်းကုန်ကြီးကြပ်ရေးဌာနခွဲ၏ ကုန်သွယ်မှုဆိုင်ရာဆက်စပ်လုပ်ထုံးလုပ်နည်းများနှင့် ဒဏ်တပ်ရိုက်မှုများ ဘာသာရပ်၊ ဘဏ္ဍာရေးနှင့်လုပ်ငန်းစစ်ဆေးရေးဌာနခွဲမှ စစ်ဆေးတွေ့ရှိချက်များနှင့် မှားယွင်းမှုနမူနာများ ဘာသာရပ်၊ H.S နှင့် CEPT ဘာသာရပ်၊ Customs Valuation ဘာသာရပ်များသင်တန်းကို အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်)၌ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် နည်းပြအရာထမ်း(၄)ဦးမှ ထုတ်ကုန်သွင်းကုန်ကြီးကြပ်ရေးဌာနခွဲရှိ အရာထမ်း (၈၅)ဦးအား သင်တန်းဖွင့်လှစ် ပို့ချခဲ့ကြသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၉၂၆၀.၅၇၅ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်း၊ အထူးကင်း၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန် နယ်မြေဒေသများ ၌ တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရာဖွေ တားဆီးအရေးယူမှုများ ဆောင်ရွက် လျက်ရှိရာ ဖေဖော်ဝါရီလ (၁) ရက် မှ (၂၉) ရက် အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှု (၂၇၇) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးကျပ် ( ၉၂၆၀.၅၇၅ ) သန်းဖြစ်ပါသည်။

## ရန်ကုန် တားဆီး/ ဖမ်းဆီးမှု




၆-၂-၂၀၂၄ ရက်နေ့တွင် မြန်မာ့စက်မှုဆိပ်ကမ်း(MIP)မှ ID No. 100271359530 (25.1.2024)၊ ကုန်သေတ္တာအမှတ်- CRSU 9056943 (1X40’)ဖြင့်တင်သွင်းလာသော ကုန်ပစ္စည်းများအား အထူးအဖွဲ့၏ (Suspect)အရ အဖွဲ့စုံဖြင့် မျက်မြင်ဖွင့်ဖောက်စစ်ဆေးရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်း မရှိသော Albenz- 200 Tablets, C/O; India, (1455)U အပါအဝင် ကုန်ပစ္စည်း(၄၄)မျိုး၊ စုစုပေါင်းခန့်မှန်း တန်ဖိုးကျပ် (၂၄၆,၀၄၁,၁၅၀/-)ခန့်အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၄ ခုနှစ် ၊ ဖေဖော်ဝါရီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၉၂၆၀.၅၇၅ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

## ရန်ကုန် တားဆီး/ ဖမ်းဆီးမှု



၂၆ –၂ –၂၀၂၄ ရက်နေ့တွင် မြန်မာ့စက်မှုဆိပ်ကမ်း(MIP)မှ ID No: 100272457502 (6.2.2024)၊ ကုန်သေတ္တာအမှတ်– TCLU 5288665, SUDU 8656674 (2X40’) ဖြင့် တင်သွင်းလာသော ကုန်ပစ္စည်းများအား အထူးအဖွဲ့၏(Suspect)အရ အဖွဲ့စုံဖြင့် မျက်မြင်ဖွင့်ဖောက်စစ်ဆေးရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသော B/N Diesel Generator, (Silent Type), Brand ; 1 Power, Model; F20–3, Power ; (20) Kva, Voltage ; (400/ 230)V, Weight ; (679) Kgs, Dimension ; (1850 x 780 x 1050) mm,C/O; China, (2) U အပါအဝင် ပစ္စည်း(၉)မျိုး၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၂၅၉,၀၂၉,၆၀၀/–) ခန့်အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၄ ခုနှစ် ၊ ဖေဖော်ဝါရီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၉၂၆၀.၅၇၅ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

## နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု






၃၁.၁.၂၀၂၄ ရက်နေ့ (၀၉:၂၀) အချိန်ခန့်တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၊ ပူးပေါင်းအဖွဲ့မှ ရွှေသံလွင်တိုးဂိတ်အနီး ပို့ကုန်ယာဉ်များအား ရှောင်တခင်စစ်ဆေးမှုများဆောင်ရွက်နေစဉ် ဖြူးမြို့မှ သထုံမြို့သို့ သွားရောက်မည့် လျှာထိုးသစ်များ တင်ဆောင်လာသော မော်တော်ယာဉ်အား စစ်ဆေးခဲ့ပြီး အဆိုပါမော်တော်ယာဉ်ကို ပဲခူးမြို့ သစ်တောဦးစီးဌာနသို့ ခေါ်ဆောင်ခဲ့ပြီး ပူးပေါင်းအဖွဲ့ဖြင့်စစ်ဆေးခဲ့ရာ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော ကျွန်းခွဲသား (၅၃၇) ချောင်း၊ တန်ချိန် (၄.၂၄၀၀)တန် အပါအဝင် ကုန်ပစ္စည်း(၂)မျိုး၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၁၈,၂၂၄,၀၀၀/-)ခန့်အားလည်းကောင်း၊ အခင်းဖြစ်ယာဉ်အမှတ်- (7L/3773), Brand; Nissan, Type; Tractor Head, Model; 2005, (1) U နှင့် နောက်တွဲယာဉ်အမှတ်- (TLR; 6827), (Type; Trailer), (3 axles), (1 U)၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၇၀,၀၀၀,၀၀၀/-)ခန့်အားလည်းကောင်း အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၄ ခုနှစ် ၊ ဖေဖော်ဝါရီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၉၂၆၀.၅၇၅ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

## နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု







၁.၂.၂၀၂၄ ရက်နေ့ (၀၇း၀၀)အချိန်ခန့်တွင် မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့သည် မန္တလေးမြို့အဝင်၊ မြစ်ငယ်တံတားအနီး၌ မြဝတီမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသောယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်၌ တရားဝင်အထောက်အထားစာရွက်စာတမ်းများ တင်ပြနိုင်ခြင်းမရှိသည့် ဆိုင်ကယ်အပိုပစ္စည်းများအား စစ်ဆေးတွေ့ရှိရသဖြင့် မန္တလေးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ ပို့ဆောင်၍ စစ်ဆေးရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသော B/N; Tricycle Tyre, Brand; JRC, C/O; China, (300) U အပါအဝင် ကုန်ပစ္စည်း(၄)မျိုး၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၁၄၇,၈၆၂,၀၀၀/-) ခန့်အားလည်းကောင်း ၊ အခင်းဖြစ်ယာဉ်အမှတ်-(5L/8437), NISSAN CONDOR, (6 W) , Model; 2009, C/O; Japan, (1) U ခန့်မှန်း တန်ဖိုးကျပ်(၃၉,၀၀၀,၀၀၀/-) ခန့်အားလည်းကောင်း အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၉၂၆၀.၅၇၅ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

## ထူးခြားဖမ်းဆီးမှု






၁၁-၀၂-၂၀၂၄ ရက်နေ့ (၀၆:၀၅) အချိန်ခန့်တွင် နမ့်ခမ်းမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသောယာဉ်အား သွင်းကုန်ယာဉ်ငယ်စစ်(လမ်းလယ်)၌ အသေးစိတ်ဖွင့်ဖောက်စစ်ဆေးရာ တရားဝင်စာရွက်စာတမ်းအထောက်အထားများ တင်ပြနိုင်ခြင်းမရှိသော လိပ်အကောင်သေး (၂၅၀)ကောင်အား စစ်ဆေးတွေ့ရှိရသဖြင့် စုစုပေါင်းခန့်မှန်တန်ဖိုးကျပ် (၅၃၇,၅၀၀/-) အားလည်းကောင်း၊ အခင်းဖြစ်ယာဉ်အမှတ်- (CC/2490), Brand; TOYOTA CROWN ESTATE, Type ; Sttion Wagon, Model; 1999, C/O; Japan, (1) U စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၂၃,၀၀၀,၀၀၀/-)ခန့်အားလည်းကောင်း အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၉၂၆၀.၅၇၅ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

## ထူးခြားဖမ်းဆီးမှု






၁-၂-၂၀၂၄ ရက်နေ့ (၁၂:၃၀)အချိန်ခန့်တွင် တရားမဝင်ကုန်စည်များအားတားဆီးထိန်းချုပ်နိုင်ရန် အတွက် မူဆယ်မြို့နယ် တရားမဝင်ကုန်ပစ္စည်းများတားဆီးရေးအဖွဲ့သည် မူဆယ်မြို့၊ ဆင်ဖြူဈေးအတွင်း ရပ်တန့်ထားသောယာဉ်အားစစ်ဆေးခဲ့ရာ မသင်္ကာဖွယ်ရာတွေ့ရှိရသောကြောင့် အဆိုပါပစ္စည်းများနှင့်ယာဉ်အား မူဆယ်မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ လာရောက်အပ်နှံခဲ့၍ အသေးစိတ်ဖွင့်ဖောက်စစ်ဆေးခဲ့ရာ ကျောက်စိမ်းဟု ယူဆရသောလက်ကောက်ကွင်း (ဆိုဒ်စုံ) (730) Pcs အပါအဝင် ကုန်ပစ္စည်း(၄)မျိုး၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ်(၁၀,၄၃၅,၀၀၀/-)ခန့်အားလည်းကောင်း၊ အခင်းဖြစ်ယာဉ်အမှတ်- (7H/5424), Brand; TOYOTA MARK II, Model; 1997, C/O; Japan, (1)U စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၈,၀၀၀,၀၀၀/-)ခန့်အားလည်းကောင်း အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။